ဝန်ကြီးရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၁၇၊ ဇယား (၇) ပါ ပြဋ္ဌာန်းချက်အရ သတ်မှတ်ဘောင်ကာလအောက် (၂) နှစ်နှင့် အထက်နိမ့်ခြင်းဖြစ်လျှင် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်ဟု ပြဋ္ဌာန်းထားသဖြင့် ထိုကဲ့သို့ Monsoon Wave Limited မှ Brand New Prime Mover Head Only (LHD), (1) U အား Model Year–2017 အဖြစ် သတ်မှတ်ဘောင်ကာလအောက် (၂) နှစ် နိမ့်၍ တင်သွင်းလာခြင်းဖြစ်သောကြောင့် အခင်းဖြစ်ပစ္စည်းများအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်ဖြစ်ပါကြောင်း၊ ပြန်လည်သုံးသပ်မှု လျှောက်ထားသူတင်ပြထားသည့် အပိုဒ် ၂ ပါ "တစ်ဖက်ကုန်ပို့သူက Model Year–2019 ကို တင်ပို့ပေးရန် တာဝန်ရှိသော်လည်း Model Year–2017 ကို ပေးပို့ခဲ့ခြင်းသည်ပင် ခိုင်မာလုံလောက်သော သက်သေခံအထောက်အထားဖြစ်ပါသဖြင့် ပြန်လည်သုံးသပ်ပေးပါရန်" ဟူသောအချက်ကို ချေပတင်ပြရလျှင် တစ်ဖက်ကုန်ပို့သူက Model Year–2019 ကို တင်ပို့ပေးရန်တာဝန်ရှိသော်လည်း Model Year–2017 ကို ပေးပို့လာခြင်းနှင့်ပတ်သက်၍ ကုန်ပို့သူ၏ မှားယွင်းမှုသာဖြစ်ပါကြောင်းနှင့် တင်ပို့သူ၏မရိုးမသားတင်ပို့ခဲ့ခြင်းဟု လျှောက်ထားသူမှ တင်ပြခဲ့ရာတွင်လည်း လုံလောက်ခိုင်မာသည့် သက်သေခံအထောက်အထားတင်ပြထားခြင်းမရှိကြောင်း အခွန်အယူခံခုံအဖွဲ့မှ မူလအယူခံမှုတွင် သုံးသပ်ဆုံးဖြတ်ထားပြီးဖြစ်၍ ပြန်လည်သုံးသပ်ရန် လိုအပ်သည့် အချက်အလက်အသစ် မဟုတ်ပါကြောင်း၊ ပြန်လည်သုံးသပ်မှု လျှောက်ထားသူတင်ပြထားသည့် အပိုဒ် ၃ ပါ "အခြားကုမ္ပဏီများက အလားတူတင်သွင်းခဲ့သည့်အပေါ် သတ်မှတ်ဒဏ်ကြေးတပ်ရိုက်ပြီး ရွေးယူခွင့်ပြုခဲ့ကြောင်း အခိုင်အမာတင်ပြ၍ အသနားခံခဲ့သော်လည်း လက်ခံစဉ်းစားခြင်းမပြုခဲ့ကြောင်း" လျှောက်ထားတင်ပြခြင်းနှင့် စပ်လျဉ်း၍ အခွန်အယူခံခုံအဖွဲ့မှ မူလအယူခံမှုတွင် သုံးသပ်ဆုံးဖြတ်ခဲ့ရာ၌ "လျှောက်ထားသူတင်သွင်းလာသည့် အခင်းဖြစ်ယာဉ်ကို အရေးယူဆောင်ရွက်ခဲ့သည့် ယခုအမှုကိစ္စအပေါ်တွင်သာ ရုံးတော်က စဉ်းစားထိုက်ပြီးအခြားသူများကို အရေးယူဆောင်ရွက်မှုကိစ္စမှာ အကြောင်းခြင်းရာအရ ထည့်သွင်းစဉ်းစားရန် မဆီလျော်ကြောင်း တွေ့ရှိရသည်" ဟု သုံးသပ်ဆုံးဖြတ်ထားသည်မှာ အခွန်အယူခံခုံအဖွဲ့၏ ဆင်ခြင်တုံတရားဖြင့် မှန်မှန်ကန်ကန် သုံးသပ်ဆုံးဖြတ်ထားခြင်းဖြစ်ပါကြောင်း၊ Monsoon Wave Limited မှ တင်သွင်းသော Brand New Prime Mover Head Only (LHD), (1) U စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် ၃၀,၀၀၀,၀၀၀ ခန့်သည် သွင်းကုန်လိုင်စင်နှင့် သွင်းကုန်ကြေညာလွှာများတွင် Model Year–2019 ဟု ဖော်ပြထားသော်လည်း ယာဉ်/ယန္တရားစစ်ဆေးရေးပူးပေါင်းအဖွဲ့မှ မျက်မြင်စစ်ဆေးချက်အရ Model Year–2017 တင်သွင်းလာသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၁၇ ဇယား (၇) ပါ သတ်မှတ်ဘောင်နှစ်ကာလအောက် (၂) နှစ်နိမ့်၍ တင်သွင်းလာခြင်းဖြစ်သည်မှာ ပေါ်လွင်ထင်ရှားနေခြင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၁၇ ပါ ပြဋ္ဌာန်းချက်အား ချိုးဖောက်ခဲ့ခြင်း၊ ပြဋ္ဌာန်းထားသည့် အကောက်ခွန် လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များအား ဆန့်ကျင်ဖောက်ဖျက်၍ တင်သွင်းလာခြင်း၊ အဆိုပါ တင်သွင်းလာသည့် ကုန်ပစ္စည်းမှာ သွင်းကုန်ကြေညာလွှာတွင် ဖော်ပြပါရှိသည့် အချက်အလက်များနှင့် များစွာကွာခြားနေကြောင်း တွေ့ရှိရသဖြင့် ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၈၆ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ခြင်းကြောင့် အခင်းဖြစ်ပစ္စည်းများအား ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၃၇) အရ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းအရေးယူခဲ့ခြင်းဖြစ်၍ အကောက်ခွန်ဦးစီးဌာနမှ တည်ဆဲဥပဒေ၊ အမိန့် ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မှန်ကန်စွာဆောင်ရွက်ထားပြီးဖြစ်ခြင်း၊ မူလအယူခံမှုတွင်လည်း ရုံးတော်မှ ကျယ်ကျယ်ပြန့်ပြန့် သုံးသပ်ပြီးဖြစ်ခြင်း၊ ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားချက်များမှာလည်း မူလအယူခံရုံး၏ စီရင်ဆုံးဖြတ်ချက်ကို ပြန်လည်ပြင်ဆင်ပေးနိုင်လောက်သည့် အချက်အလက်တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသဖြင့် မူလအယူခံရုံး၏ အမိန့်ကိုသာ အတည်ပြု၍ ပြန်လည်သုံးသပ်ပေးစေလိုမှု လျှောက်ထားချက်ကို လက်ခံရန် မသင့်ပါကြောင်း ဌာနကိုယ်စားရုံးတော်သို့ လေးစားစွာ လျှောက်ထားတင်ပြပါသည်။

[ ဆက်လက်ဖော်ပြပါမည်။ ]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြည်ထဲရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာ (၁၄၁/၂၀၂၃)**

၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်

(၂၀၂၃ ခုနှစ်၊ မတ်လ ၃ ရက်)

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့၊ ဈေးကြိုရပ်ကွက်၊ ကွင်းအမှတ်/အမည် (၉၂/ဖက်ခင်း)၊ ဦးပိုင်အမှတ် (၅၆ᶜ/၂) ရှိ **သမ္မာမဂ္ဂင်ဘုန်းတော်ကြီးကျောင်း** အခွန်လွတ်သာသနာ့မြေဧရိယာ **၀.၂၃ ဧကအနက်မှ ၀.၀၂၄ ဧက** အား ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံ မြို့နှင့် ကျေးရွာမြေများနည်းဥပဒေ ၅၂ နှင့်အညီ သိမ်ဒါယကာ ဦးစောနေကောင်း [၁၀/ကမရ (နိုင်) ၀၄၈၁၇၃] အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

**အမိန့်ကြော်ငြာစာ (၁၅၄/၂၀၂၃)**

၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်

(၂၀၂၃ ခုနှစ်၊ မတ်လ ၁၃ ရက်)

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့၊ ပါရမီရပ်ကွက်၊ ကွင်းအမှတ်နှင့် အမည် (၇၉၇/ရွာထောင်အရှေ့)၊ မြေကွက်အမှတ် (၁၃)၊ **မြေဧရိယာ ၀.၀၆၉ ဧက** ရှိမြေအား **မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မှုခင်းတပ်ဖွဲ့စိတ်မှူးရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထဲရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထဲရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**နယ်စပ်ရေးရာဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၁၈/၂၀၂၃)**

၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

(၂၀၂၃ ခုနှစ်၊ မတ်လ ၁၀ ရက်)

**နယ်စပ်ရေးရာဝန်ကြီးဌာန၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit-CPU) ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ အဂတိဖြစ်စေနိုင်သည့်နေရာများကို စစ်ဆေးဖော်ထုတ်ခြင်း၊ အဂတိလိုက်စားမှုမှ ဖြစ်ပေါ်လာသည့် ပြဿနာများကို ဖြေရှင်းခြင်း၊ အဂတိဖြစ်စေနိုင်သည့် နေရာများတွင်မဖြစ်အောင် တားဆီးကာကွယ်ခြင်းတို့ ဆောင်ရွက်နိုင်ရန်အတွက် နယ်စပ်ရေးရာဝန်ကြီးဌာန၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့

(Corruption Prevention Unit–CPU) အား အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်–

| | | |
|---|---|---|
| (က) | ဗိုလ်ချုပ် ခွန်သန့်ဇော်ထူး<br>ဒုတိယဝန်ကြီး (၁)<br>နယ်စပ်ရေးရာဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဗိုလ်ချုပ် ဖြိုးသန့်<br>ဒုတိယဝန်ကြီး (၂)<br>နယ်စပ်ရေးရာဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးအောင်ဆန်းဦး<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးခင်မောင်ကြည်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဦးခင်မောင်လတ်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဦးအောင်မျိုး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးဇော်လင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဦးသိန်းဌွေး<br>လက်ထောက်အတွင်းဝန်<br>ဝန်ကြီးရုံး | အဖွဲ့ဝင် |
| (ဈ) | ဒေါ်ကျော့ကျော့မွန်<br>လက်ထောက်အတွင်းဝန်<br>ဝန်ကြီးရုံး | အဖွဲ့ဝင် |
| (ည) | ဦးလှသိန်း<br>ညွှန်ကြားရေးမှူး<br>နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဦးကျော်ကျော်ဇော်<br>ညွှန်ကြားရေးမှူး<br>ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဦးသိန်းဌွေးဦး<br>အမြဲတမ်းအတွင်းဝန်<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အတွင်းရေးမှူး |

( ၃ ) ဦးစိုင်းထွန်းညို တွဲဖက်အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်
နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

၂။ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဌာနအလိုက် လာဘ်ပေးလာဘ်ယူမှုများနှင့် သက်ဆိုင်သော အဂတိလိုက်စားမှုပြဿနာများဖော်ထုတ်နိုင်ရန်အတွက် အောက်ပါတို့ကို ဆောင်ရွက်ရန်-

(၁) တိုင်ကြားမှုယန္တရားထူထောင်ခြင်း၊

(၂) စောင့်ကြပ်စိစစ်ခြင်းနှင့် အကဲဖြတ်ခြင်း၊

(၃) စစ်တမ်းကောက်ယူခြင်း။

( ခ ) တွေ့ရှိလာသောပြဿနာများကို ဥပဒေနှင့်အညီ ဖြေရှင်းရန်အတွက် နိုင်ငံ့ဝန်ထမ်းဥပဒေအရ စုံစမ်းစစ်ဆေးခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ လွှဲပြောင်းပေးခြင်းတို့ကို ဆောင်ရွက်ရန်၊

( ဂ ) အဂတိလိုက်စားမှု ဆက်လက်မဖြစ်စေရေးအတွက် တားမြစ်ထိန်းချုပ်သွားနိုင်ရန်အတွက် အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှု ဆန်းစစ်လေ့လာခြင်းနှင့် စစ်တမ်းတွေ့ရှိချက်၊ ဆန်းစစ်လေ့လာချက်အပေါ်မူတည်၍ စီမံခန့်ခွဲရေးနည်းလမ်းဖြင့် တားဆီးကာကွယ်ရေးစီမံချက်များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(ဃ) အဖွဲ့၏လုပ်ငန်းတာဝန်များကို အောက်ခြေအထိ ထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဦးစီးဌာနအလိုက် အထောက်အကူပြုအဖွဲ့ငယ်များ ထပ်မံဖွဲ့စည်းပေးရန်၊

( င ) အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့်ပတ်သက်၍ တိုင်းဒေသကြီး/ပြည်နယ်ရုံး၊ တက္ကသိုလ်၊ ကောလိပ်နှင့် ကျောင်းများသို့ အဖွဲ့ငယ်များစေလွှတ်၍ ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ သင်ကြားပို့ချခြင်း စသည်ဖြင့် အသိပညာပေးဖြန့်ဝေဆောင်ရွက်ရန်၊

( စ ) ဝန်ကြီးဌာန၏ ဗဟိုလေ့ကျင့်ရေးကျောင်း၌ ဖွင့်လှစ်သောသင်တန်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးကို ဘာသာရပ်တစ်ခုအဖြစ် သင်တန်းချိန်ထည့်သွင်း၍ သင်ကြားပို့ချနိုင်ရေး ဆောင်ရွက်ရန်၊

(ဆ) အဖွဲ့၏ဆောင်ရွက်ချက်များကို ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သို့ လစဉ်တင်ပြ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ အစီရင်ခံစာပေးပို့တင်ပြရန်နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သို့ မိတ္တူပေးရန်၊

( ဇ ) ဦးစီးဌာနများအလိုက်တည်မြဲလုပ်ထုံးလုပ်နည်း(SOP)များရေးဆွဲပြီးပြည်သူလူထုသိသင့်သည့်အပြင် ဝန်ဆောင်မှုရယူသော ပြည်သူများနှင့် တိုက်ရိုက်သက်ဆိုင်နေသောအချက်များကို လက်အောက်ခံရုံး၊ တက္ကသိုလ်၊ ကောလိပ်နှင့် ကျောင်းများတွင် ပွင့်လင်းမြင်သာစွာ ချပြသွားရန်၊

( ဈ ) အဂတိလိုက်စားမှုဘေးအန္တရာယ်ဖြစ်နိုင်ခြေရှိသော ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်များ ပြုပြင်ပြောင်းလဲရေးအတွက် လိုအပ်သည်များတင်ပြဆောင်ရွက်ရန်။

၃။ နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၄/၂၀၂၂ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နယ်စပ်ရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

### (ဝန်ကြီးရုံး)

၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်

(၂၀၂၃ ခုနှစ်၊ မတ်လ ၁၅ ရက်)

အမှတ် ၃၅။ ဤဝန်ကြီးရုံး၏ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၂/၂၀၂၃ ဖြင့် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် တွဲဖက်တာဝန်ပေးအပ်ထားသည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အောက်ဖော်ပြပါ အရာထမ်းအား ယင်းနှင့်ယှဉ်တွဲဖော်ပြပါ ရာထူးနေရာသို့ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ ပြောင်းရွှေ့တာဝန်ပေးအပ်လိုက်သည်-

| **အမည်** | **လက်ရှိရာထူး၊ လစာနှုန်း၊ ဌာန** | **ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာန** |
|---|---|---|
| ဦးအောင်မျိုးသန့် | ညွှန်ကြားရေးမှူး (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | ညွှန်ကြားရေးမှူး (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |

မောင်မောင်အုန်း

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

### (ပြည်ထောင်စုဝန်ကြီးရုံး)

### အမိန့်ကြော်ငြာစာအမှတ် (၆၉/၂၀၂၃)

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်

(၂၀၂၃ ခုနှစ်၊ မတ်လ ၁၄ ရက်)

### ကြိုတင်ပြင်ဆင်ခွင့် (၄) လအား ငြင်းပယ်ခွင့်ပြုခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အဆင့်ရှိ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမျိုးတင့်ထွန်း အား ၂၀၂၃ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့မှ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့အထိ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို **နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၈၁ အရ** အများပြည်သူအကျိုးငှာ ငြင်းပယ်ခွင့်ပြုလိုက်သည်။

၂။ အဆိုပါ အများပြည်သူအကျိုးငှာ ငြင်းပယ်ခွင့်ပြုထားသော ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့မှ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့အထိ ပြန်လည်ခံစားခွင့်ပြုပြီး ခွင့်ရက်ကုန်ဆုံးသည့် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

မင်းနောင်

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၄၇/၂၀၂၃)**

၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်

(၂၀၂၃ ခုနှစ်၊ မတ်လ ၁၇ ရက်)

၂၀၂၃ ခုနှစ်၊ မတ်လ ၁၆ ရက်တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၃) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၊ သင်ကြားရေးဌာန၊ ရေကြောင်းစက်မှုအင်ဂျင်နီယာပညာဌာနမှ ပါမောက္ခ/ ဌာနမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဒေါက်တာ သုဟံထွန်း အား လုပ်ငန်းလိုအပ်ချက်အရ လစ်လပ်လျက်ရှိသော ရေယာဉ်တည်ဆောက်မှုအင်ဂျင်နီယာပညာဌာနသို့ လစာနှုန်းတူရာထူးဖြင့် တာဝန်ဝတ္တရားများ စတင်လက်ခံဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၄၈/၂၀၂၃)**

၂၀၂၃ ခုနှစ်၊ မတ်လ ၁၆ ရက်တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၃) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၊ သင်ကြားရေးဌာန၊ ရေကြောင်းစက်မှုအင်ဂျင်နီယာပညာဌာနမှ တွဲဖက်ပါမောက္ခ၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဒေါ်မြတ်သီဂီဝင်း အား ယင်းဌာနတွင် လစ်လပ်လာမည့် ပါမောက္ခ/ ဌာနမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ ၂၀၂၃ ခုနှစ်၊ မတ်လ ၁၆ ရက် နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ဗိုလ်ချုပ်ကြီး တင်အောင်စန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စက်မှုဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၂၃)**

၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်

(၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)

၁။ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၉) မှ သဘောတူခွင့်ပြုချက်အရ ထုတ်ဝေခဲ့သည့် မော်တော်ယာဉ်လုပ်ငန်း ဆိုင်ရာမူဝါဒပါ လုပ်ငန်းရပ်များအား စိစစ်အကဲဖြတ်ခြင်း၊ သုံးသပ်ပြင်ဆင်ခြင်း၊ ထိန်းချုပ်တည့်မတ်ခြင်းတို့

ဆောင်ရွက်နိုင်ရေးအတွက် **မော်တော်ယာဉ်လုပ်ငန်းဆိုင်ရာ မူဝါဒကြီးကြပ်ရေးကော်မတီ** ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူးချုပ်<br>ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>အကောက်ခွန်ဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရေနံနှင့် ဓာတုဗေဒလုပ်ငန်း<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးဦးစီးဌာန<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | အတွင်းရေးမှူး<br>မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် | အဖွဲ့ဝင် |
| (ဌ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း<br>စက်မှုဝန်ကြီးဌာန | အတွင်းရေးမှူး |

(၃) အထွေထွေမန်နေဂျာ　တွဲဖက်အတွင်းရေးမှူး
ထုတ်လုပ်ရေးဌာန
အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း
စက်မှုဝန်ကြီးဌာန

၂။ မော်တော်ယာဉ်လုပ်ငန်းဆိုင်ရာ မူဝါဒကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ရေရှည်တည်တံ့ခိုင်မြဲသည့် ပြည်တွင်းမော်တော်ယာဉ်ထုတ်လုပ်မှုနှင့်ဆက်စပ်သော စက်မှုလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ထုတ်လုပ်မှုကွန်ရက်အတွင်း ဝင်ရောက်လာနိုင်စေရန် စီမံခြင်းနှင့် ကြီးကြပ်ခြင်း၊

(ခ) မော်တော်ယာဉ်လုပ်ငန်းဆိုင်ရာ မူဝါဒပါလုပ်ငန်းရပ်များ အကောင်အထည်ဖော်ရန် လိုအပ်သည့် လမ်းညွှန်ချက်များချမှတ်ခြင်းနှင့် စံပြုလုပ်ငန်းစဉ် (Standard Operating Procedure–SOP) များ ထုတ်ပြန်ခြင်း၊

(ဂ) ပြည်တွင်းမော်တော်ယာဉ်ထုတ်လုပ်မှုနှင့်ဆက်စပ်သော စက်မှုလုပ်ငန်းများအတွက် သင့်လျော်သည့် စီးပွားရေးဝန်းကျင်ကောင်းများဖြစ်ပေါ်လာစေရေး စီမံဆောင်ရွက်ခြင်း၊

(ဃ) အရည်အသွေးပြည့်မီပြီး သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြင့် ဘေးကင်းလုံခြုံမှု ရှိစေသည့် မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ဆိုင်ရာ အစိတ်အပိုင်းများ ထုတ်လုပ်နိုင်ရေးအတွက် စံသတ်မှတ်ချက်များ၊ စည်းမျဉ်းများချမှတ်၍ သတ်မှတ်ပြဋ္ဌာန်းနိုင်ရေး အတည်ပြုဆောင်ရွက်ခြင်း၊

(င) ပြည်တွင်းရှိ မော်တော်ယာဉ်ဆိုင်ရာ ပံ့ပိုးစက်မှုလုပ်ငန်းများ [မော်တော်ယာဉ်ဆိုင်ရာ အစိတ်အပိုင်းနှင့် စနစ်များ (Component Parts & System)၊ အပိုပစ္စည်းများနှင့် စက်ကိရိယာများ] နှင့် ပြည်တွင်း ပြည်ပ မော်တော်ယာဉ်ထုတ်လုပ်သူများ အချင်းချင်းချိတ်ဆက်မှု အားကောင်းလာစေရေးနှင့် ထုတ်လုပ်မှု ကွန်ရက်သို့ ဝင်ရောက်နိုင်ရေးတို့အတွက် လမ်းညွှန်ခြင်း၊

(စ) မော်တော်ယာဉ်ဆိုင်ရာ ထုတ်ကုန်ပစ္စည်းအတွက် မြန်မာစံချိန်စံညွှန်းများကို လိုက်နာစေခြင်းအပြင် အာဆီယံဒေသတွင်း မော်တော်ယာဉ်ဆိုင်ရာ ထုတ်ကုန်ပစ္စည်းများ အပြန်အလှန်အသိအမှတ်ပြုရေး အစီအစဉ် (ASEAN Mutual Recognition Arrangement on Type Approval for Automotive Products–ASEAN APMRA) အရ အဆင့်လိုက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို လမ်းညွှန်မှုပေးခြင်း၊

(ဆ) မော်တော်ယာဉ်ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများ (Automotive Institution) ခိုင်မာအားကောင်းလာစေရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး (Human Resources Development) မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များ ရေးဆွဲရေးဆိုင်ရာ လမ်းညွှန်မှုပေးခြင်း၊

(ဇ) ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသည့် မော်တော်ယာဉ်များကို ထုတ်လုပ်သူနှင့် ရောင်းချသူများအနေဖြင့် ဈေးနှုန်းများ မြှင့်တင်ရောင်းချခြင်း၊ ဈေးကစားခြင်းများ မပြုလုပ်နိုင်စေရေးအတွက် ဆက်စပ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ ထိန်းချုပ်ကြပ်မတ်ခြင်း၊

(ဈ) လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် ဆပ်ကော်မတီများ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း။

၃။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ၂၀၂၂ ခုနှစ်၊ မတ်လ ၁၉ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာအမှတ် ၁၁/၂၀၂၂ အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၂၃)

၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်

(၂၀၂၃ ခုနှစ်၊ မတ်လ ၁၆ ရက်)

၂၀၂၃ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေး အမှတ်စဉ် ၁၀/၂၀၂၃ ၏ သဘောတူညီချက်အရ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးရှိ ဌာနခွဲများတွင် တာဝန်ထမ်းဆောင်နေသော လစာနှုန်း (၂၁၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) တန်းရှိ အောက်ဖော်ပြပါ ဦးစီးမှူး (၃) ဦးတို့အား ပြည်ထောင်စုဝန်ကြီးရုံးရှိ လစ်လပ်လျက်ရှိသည့် ၎င်းတို့အမည်နှင့် ယှဉ်တွဲပါ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တန်း ဦးစီးအရာရှိ ရာထူးနေရာအသီးသီးသို့ လုပ်ငန်းတာဝန်များကို စတင် ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး၊ လစာနှုန်း၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|---|
| (၁) | ဒေါ်မန်းသူဦး | ဦးစီးမှူး (၂၁၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲ | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲ |
| (၂) | ဦးလိှုင်မြင့်ကျော် | ဦးစီးမှူး (၂၁၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) မူဝါဒနှင့် ဥပဒေလုပ်ထုံးလုပ်နည်း စိစစ်ရေးနှင့် လုပ်ငန်းစစ်ဆေးရေး ဌာနခွဲ | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) မူဝါဒနှင့် ဥပဒေလုပ်ထုံးလုပ်နည်း စိစစ်ရေးနှင့် လုပ်ငန်းစစ်ဆေးရေး ဌာနခွဲ |
| (၃) | ဒေါ်ဇာခြည်နွယ် | ဦးစီးမှူး (၂၁၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) ပြည်တွင်း/ ပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲ | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ပြည်တွင်း/ပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲ |

ဒေါက်တာ ချာလီသန်း

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စက်မှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## အလုပ်သမားဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၂၃)

၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်

(၂၀၂၃ ခုနှစ်၊ မတ်လ ၁ ရက်)

၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၅) နှင့် ပုဒ်မ ၄၅ တို့အရ အပ်နှင်း ထားသော လုပ်ပိုင်ခွင့်များကိုသုံးစွဲလျက် အဆိုပါဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များအရ ရခိုင်ပြည်နယ်၊ သံတွဲ မြို့နယ်လူမှုဖူလုံရေးရုံးနှင့် (၁၆၆) မိုင်ခန့် အကွာအဝေးတွင်ရှိသော ကျောက်ဖြူမြို့နယ်၊ အရှေ့ပိုင်းရပ်ကွက်ရှိ မြဝတီဘဏ်လီမိတက် (ကျောက်ဖြူ) အား စတင်မှတ်ပုံတင်သည့်နေ့မှစ၍ လူမှုဖူလုံရေးအဖွဲ့နှင့် အကျုံးဝင် သက်ဆိုင်စေရမည်ဟု ကြေညာလိုက်သည်။ ထို့အပြင် အဆိုပါဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များအလို့ငှာ ကျောက်ဖြူမြို့နယ်ရှိ မြဝတီဘဏ်လီမိတက် (ကျောက်ဖြူ) အား သံတွဲမြို့၊ မြို့နယ်လူမှုဖူလုံရေးရုံးတွင် မှတ်ပုံတင်ရမည်ဟု ကြေညာလိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၂၇/၂၀၂၃)**

၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

(၂၀၂၃ ခုနှစ်၊ မတ်လ ၁၀ ရက်)

၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၅) နှင့် ပုဒ်မ ၄၅ တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုသုံးစွဲလျက် အဆိုပါဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များအရ ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်လူမှုဖူလုံရေးရုံးနှင့် (၂၁) မိုင်ခန့် ကွာဝေးပြီး အမှတ် (၁၀၂)၊ (၄) ရပ်ကွက်၊ ဒုတိယလမ်းနှင့် ရွှေနတ်ကူလမ်းထောင့်တွင်ရှိသော မြန်မာနိုင်ငံသားများဘဏ်လီမိတက် (ဖျာပုံ) အား စတင်မှတ်ပုံတင်သည့်နေ့မှစ၍ လူမှုဖူလုံရေးအဖွဲ့နှင့် အကျုံးဝင်သက်ဆိုင်စေရမည်ဟု ကြေညာလိုက်သည်။ ထို့အပြင် အဆိုပါဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များအလို့ငှာ ဘိုကလေးမြို့နယ်ရှိ မြန်မာနိုင်ငံသားများဘဏ်လီမိတက် (ဖျာပုံ) အား ဘိုကလေးမြို့၊ မြို့နယ်လူမှုဖူလုံရေးရုံးတွင် မှတ်ပုံတင်ရမည်ဟု ကြေညာလိုက်သည်။

ဒေါက်တာ ပွင့်ဆန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အလုပ်သမားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၄/၂၀၂၃)**

၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်

(၂၀၂၃ ခုနှစ်၊ မတ်လ ၁၅ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးငွေစိုး [၉/မမန (နိုင်) ဝ၈၂၅၇၃] အား ၂၀၂၃ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့မှစ၍ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်သည်။

အောင်နိုင်ဦး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပညာရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၀/၂၀၂၃)**

၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

(၂၀၂၃ ခုနှစ်၊ မတ်လ ၁၀ ရက်)

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရွှေဘိုတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ဒေါက်တာ ခင်သီတာ အား ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေး

ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူးချုပ်ရာထူးနေရာသို့ အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ လစာနှုန်းတူ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

ဒေါက်တာ ညွန့်ဖေ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၅၇/၂၀၂၃)**

၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

(၂၀၂၃ ခုနှစ်၊ မတ်လ ၁၀ ရက်)

၁။ ကချင်ပြည်နယ်အတွင်းရှိမြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းအား လမ်းအူကြောင်းပြောင်းလဲခြင်း၊ လမ်းကွေ့များဖြောင့်၍ ပြင်ဆင်ခြင်းနှင့် အသေးစိတ်ပြန်လည်တိုင်းတာခြင်းတို့ကြောင့် လမ်းမိုင်အရှည် ပြောင်းလဲသွားခဲ့သဖြင့် မူလလမ်းမိုင် ၂၁၈ မိုင် အစား လက်ရှိလမ်းမိုင် ၂၀၃ မိုင် ၃ ဖာလုံအဖြစ်သို့ ပြင်ဆင် ပြောင်းလဲသတ်မှတ်လိုက်သည်။

၂။ အဆိုပါလမ်းအား ၂၀၀၀ ပြည့်နှစ်၊ လမ်းမကြီးများဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (င) နှင့် (စ) တို့အရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနပိုင် ပြည်ထောင်စုမှ စီမံခန့်ခွဲသော **လမ်းမကြီး** အဖြစ် အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်ကြေညာလိုက်သည်-

| | | | |
|---|---|---|---|
| (က) | လမ်းမကြီးအမည် | - | မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း |
| (ခ) | လမ်းမကြီးအရှည် | - | ၂၀၃ မိုင် ၃ ဖာလုံ သို့မဟုတ် ၃၂၇.၃ ကီလိုမီတာ |
| (ဂ) | လမ်းစတင်သည့်နေရာ | - | ၀/၀ မိုင် သို့မဟုတ် ၀ ကီလိုမီတာ၊ မြစ်ကြီးနားမြို့ |
| (ဃ) | လမ်းဆုံးရောက်ရှိသည့်နေရာ | - | ၂၀၃ မိုင် ၃ ဖာလုံ သို့မဟုတ် ၃၂၇.၃ ကီလိုမီတာ၊ ပူတာအိုမြို့ |
| (င) | လမ်းအဆင့်အတန်း | - | ပြည်ထောင်စုလမ်းမကြီး |
| (စ) | လမ်းနယ်နိမိတ် | - | ၁၅၀ ပေ |

၃။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ကချင်ပြည်နယ် အတွင်းရှိ လမ်းမိုင်အရှည်စုစုပေါင်းကို ၂၁၆၆ မိုင် သို့မဟုတ် ၃၄၈၅.၈၃၇ ကီလိုမီတာဟု ပြင်ဆင် သတ်မှတ်လိုက်သည်။

မျိုးသန့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

### အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၂၃)

၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်

(၂၀၂၃ ခုနှစ်၊ မတ်လ ၁၄ ရက်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဆေးအဆင့်နိမ့် အီးအေ (၂) အရာရှိ ကြည်း/၄၉၆၀၈ ဗိုလ်ကြီး ကျော်ဇေယျထွန်း [၁၄/ညတန (နိုင်) ၁၂၆၈၁၇] အား ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနတွင် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ ဦးစီးအရာရှိ ရာထူးနေရာတွင် အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ခန့်ထားလိုက်သည်။

အောင်သော်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရာထူးဝန်အဖွဲ့

### အမိန့်ကြော်ငြာစာ (၂၁/၂၀၂၃)

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်

(၂၀၂၃ ခုနှစ်၊ မတ်လ ၁၇ ရက်)

၁။　ပြည်ထောင်စုရာထူးဝန်အဖွဲ့က တာဝန်ယူထုတ်ပြန်သည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ နည်းဥပဒေများ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေနှင့် နိုင်ငံ့ဝန်ထမ်းဥပဒေပါ ဘာသာပြန်ဆိုချက်များနှင့်အညီ ဘာသာပြန်ဆို နိုင်ရန်နှင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် သက်ဆိုင်သော စာအုပ်၊ စာစောင်များအား ဘာသာပြန်ဆိုရန်အတွက် **ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥပဒေဘာသာပြန်ဆိုရေးအဖွဲ့** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ် လိုက်သည်-

(က)　**နာယကအဖွဲ့**

| | | | |
|---|---|---|---|
| (၁) | ဦးဆန်းမြင့် | အဖွဲ့ဝင်<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ | |
| (၂) | ဒေါ်ခင်မျိုးမြင့် | အဖွဲ့ဝင်<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ | |
| (၃) | ဦးသန်းဝင်း | အဖွဲ့ဝင်<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ | |

(ခ)　**ဘာသာပြန်ဆိုရေးအဖွဲ့**

| | | | |
|---|---|---|---|
| (၁) | ဦးဇော်မိုးဝင်း | ညွှန်ကြားရေးမှူးချုပ်<br>ဝန်ထမ်းရေးရာဦးစီးဌာန | အဖွဲ့ခေါင်းဆောင် |
| (၂) | ဒေါ်ချိုချိုပြုံး | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဝန်ထမ်းရေးရာဦးစီးဌာန | ဒုတိယအဖွဲ့ခေါင်းဆောင် |

| | | | |
|---|---|---|---|
| (၃) | ဒေါ်မေလွဲ့ဝင်း | လက်ထောက်အတွင်းဝန်<br>ဥက္ကဋ္ဌရုံးအဖွဲ့ | အဖွဲ့ဝင် |
| (၄) | ဒေါ်သင်းသင်းလှိုင် | ပါမောက္ခ<br>ဥပဒေပညာဌာန<br>နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) | အဖွဲ့ဝင် |
| (၅) | ဒေါ်သင်းသီရိသွယ် | ဒုတိယညွှန်ကြားရေးမှူး<br>ဥက္ကဋ္ဌရုံးအဖွဲ့ | အဖွဲ့ဝင် |
| (၆) | ဒေါ်သီတာစိုး | တွဲဖက်ပါမောက္ခ<br>ဥပဒေပညာဌာန<br>နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) | အဖွဲ့ဝင် |
| (၇) | ဒေါ်ဇင်မိုးသူ | လက်ထောက်ညွှန်ကြားရေးမှူး<br>ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ဒေါ်စုသဲခိုင် | လက်ထောက်ညွှန်ကြားရေးမှူး<br>ဝန်ထမ်းရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | ဒေါ်ရွှေကြည်ဇင်ဟိန်း | လက်ထောက်ညွှန်ကြားရေးမှူး<br>ဝန်ထမ်းရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | ဒေါ်ခင်သူဇာ | ကထိက<br>နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) | အဖွဲ့ဝင် |
| (၁၁) | ဒေါ်သိမ့်သိမ့်ကျော် | လက်ထောက်ညွှန်ကြားရေးမှူး<br>ဝန်ထမ်းရေးရာဦးစီးဌာန | အတွင်းရေးမှူး |

၂။ ဥပဒေဘာသာပြန်ဆိုရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ပြည်ထောင်စုရာထူးဝန်အဖွဲ့က တာဝန်ယူထုတ်ပြန်သည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ နည်းဥပဒေများနှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအား ပြင်ဆင်ထုတ်ပြန်သည့် နည်းဥပဒေများကို ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေနှင့် နိုင်ငံ့ဝန်ထမ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဘာသာပြန်ဆိုရန်၊

( ခ ) ပြည်ထောင်စုရာထူးဝန်အဖွဲ့က ထုတ်ပြန်ထားရှိသော အမိန့်ညွှန်ကြားချက်များ၊ ဝန်ထမ်းကျင့်ဝတ်နှင့် စာအုပ်စာစောင်များကို လိုအပ်ပါက လမ်းညွှန်မှုနှင့်အညီ ဘာသာပြန်ဆိုရန်၊

( ဂ ) ဥပဒေဘာသာပြန်ဆိုချက်များကို နာယကအဖွဲ့မှတစ်ဆင့် အဖွဲ့ဥက္ကဋ္ဌထံ တင်ပြလမ်းညွှန်အတည်ပြုချက်ရယူပြီး ဥပဒေရေးရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ညှိနှိုင်းရယူရန်၊

(ဃ) ဥပဒေရေးရာဝန်ကြီးဌာန၏ အကြံပြုချက်များနှင့်အညီ ပြင်ဆင်ဖြည့်စွက်ပြီး နာယကအဖွဲ့မှတစ်ဆင့် အဖွဲ့ဥက္ကဋ္ဌထံ တင်ပြခွင့်ပြုချက် ရယူဆောင်ရွက်ရန်။

၃။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄/၂၀၂၃ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

စစ်အေး

ဥက္ကဋ္ဌ

ပြည်ထောင်စုရာထူးဝန်အဖွဲ့

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက် (၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၈ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### မြန်မာ့စီးပွားရေးဘဏ်

၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်

(၂၀၂၃ ခုနှစ်၊ မတ်လ ၁၅ ရက်)

အမှတ် ၂၁၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၉-၃-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၇/၂၀၂၃ နှင့် ၁၃-၃-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၁/၂၀၂၃ တို့ကို ရည်ညွှန်းလျက် ကာကွယ်ရေးဝန်ကြီးဌာနမှ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးသည့် အောက်ဖော်ပြပါ တပ်မတော်အရာရှိ (၁၄) ဦးတို့အား မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်) စီမံခန့်ခွဲရေးဌာနခွဲတွင် လက်ထောက်မန်နေဂျာ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူး၌ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့် ၂၀၂၃ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့ နံနက်ပိုင်းမှစ၍ စတင်ခန့်ထားလိုက်သည်။

| စဉ် | အမည် | ပြန်တမ်းဝင်အမှတ် |
|---|---|---|
| ၁ | ဗိုလ်ကြီး ကြည်ပိုင်စိုး | ကြည်း ၄၀၈၉၂ |
| ၂ | ဗိုလ်ကြီး ကျော်ထက်အောင် | ကြည်း ၄၂၁၂၄ |
| ၃ | ဗိုလ်ကြီး ပြည့်ဖြိုးပိုင် | ကြည်း ၅၅၅၂၅ |
| ၄ | ဗိုလ်ကြီး ကျော်ဇောထူး | ကြည်း ၅၆၂၈၃ |
| ၅ | ဗိုလ်ကြီး တင်ထွန်းနောင် | ကြည်း ၅၆၂၈၅ |
| ၆ | ဗိုလ်ကြီး အောင်ဘိုဘို | ကြည်း ၅၆၃၉၃ |

| စဉ် | အမည် | ပြန်တမ်းဝင်အမှတ် |
|---|---|---|
| ၇ | ဗိုလ်ကြီး တင့်ဌေးနိုင် | ကြည်း ၅၆၄၆၁ |
| ၈ | ဗိုလ်ကြီး အောင်မင်း | ကြည်း ၅၉၄၅၆ |
| ၉ | ဗိုလ်ကြီး အောင်သိုက် | ကြည်း ၅၉၉၀၈ |
| ၁၀ | ဗိုလ်ကြီး သော်ဇင်ဦး | ကြည်း ၆၁၂၈၃ |
| ၁၁ | ဗိုလ်ကြီး ဇော်ဝင်းမောင် | ကြည်း ၆၈၉၄၉ |
| ၁၂ | ဗိုလ်ကြီး မြတ်မင်းထက် | ကြည်း ၇၀၃၇၉ |
| ၁၃ | ဗိုလ်ကြီး အောင်ကျော်ဇော | ကြည်း ၇၀၉၈၀ |
| ၁၄ | ဗိုလ်ကြီး မင်းသန့် | ကြည်း ၆၀၉၀၈ |

ဝင်းနိုင်ဦး
ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့စီးပွားရေးဘဏ်

## မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန

၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်

(၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်)

အမှတ် ၁။ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၄-၂-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ အုပ်ချုပ်မှု (ရာထူးတိုး)/၂၀၂၃ (၁၇၃၂) နှင့် ၂၂-၂-၂၀၂၃ ရက်တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၇/၂၀၂၃) တို့က သဘောတူညီချက်အရ အောက်ဖော်ပြပါ ရုံးအုပ်၊ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) (၂) ဦးတို့အား ယှဉ်တွဲဖော်ပြပါဌာနခွဲတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးသို့ ၂၄-၂-၂၀၂၃ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ ရာထူး | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာနခွဲ |
|---|---|---|
| ၁။ | ဒေါ်ခင်ဆွေမြင့်<br>ရုံးအုပ် | ဦးစီးအရာရှိ<br>ဘဏ္ဍာဌာနခွဲ |
| ၂။ | ဒေါ်ယဉ်ဝေမွန်<br>ရုံးအုပ် | ဦးစီးအရာရှိ<br>စီမံဌာနခွဲ |

ကိုလေးဝင်း
ညွှန်ကြားရေးမှူးချုပ်
မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

| ရန်ကုန်မြို့ | ၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်<br>(၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၈ ရက်) | သောကြာနေ့ |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**Tha Ba Wa Ah Hla Gems Company Limited**

မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၄၇ (က) (၂) နှင့် ပုဒ်မ ၁၅၂ (က) အရ
အစုရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းခြင်း

၁။ **သဘာဝအလှကျောက်မျက်ကုမ္ပဏီလီမိတက် (Tha Ba Wa Ah Hla Gems Company Limited)** ကို အစုရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းရန် (၂၀-၄-၂၀၂၃) နေ့ ကုမ္ပဏီရုံးတွင် ကျင်းပသောအထူးအစည်းအဝေးက ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ် (၂၉၅)၊ (ပ) ထပ်၊ အနော်ရထာလမ်းနှင့် (၅) လမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဦးဇင်ဝေ [၁၂/မဂတ (နိုင်) ၀၁၃၉၇၉]၊ B.Com, CPA (210)၊ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူ မှတ်ပုံတင်အမှတ် (00143) အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေထံ ဆက်သွယ်ဆောင်ရွက်နိုင်ရန် ကြေညာလိုက်သည်။

| ဦးလှကြူ<br>မန်နေးဂျင်းဒါရိုက်တာ<br>Tha Ba Wa Ah Hla Gems Company Limited | ဦးဇင်ဝေ<br>B.Com, CPA (210)<br>စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
|---|---|

**Kyauk Seinn Ah Hla Gems Company Limited**

မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၄၇ (က) (၂) နှင့် ပုဒ်မ ၁၅၂ (က) အရ
အစုရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းခြင်း

၁။ **ကျောက်စိမ်းအလှကျောက်မျက်ကုမ္ပဏီလီမိတက် (Kyauk Seinn Ah Hla Gems Company Limited)** ကို အစုရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းရန် (၂၀-၄-၂၀၂၃) နေ့ ကုမ္ပဏီရုံးတွင် ကျင်းပသော အထူးအစည်းအဝေးက ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ် (၂၉၅)၊ (ပ) ထပ်၊ အနော်ရထာလမ်းနှင့် (၅) လမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဦးဇင်ဝေ [၁၂/မဂတ (နိုင်) ၀၁၃၉၇၉]၊ B.Com, CPA (210)၊ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူ မှတ်ပုံတင်အမှတ် (00143) အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေထံ ဆက်သွယ်ဆောင်ရွက်နိုင်ရန် ကြေညာလိုက်သည်။

| ဦးမိုးဟိန်း<br>မန်နေးဂျင်းဒါရိုက်တာ<br>Kyauk Seinn Ah Hla Gems Company Limited | ဦးဇင်ဝေ<br>B.Com, CPA (210)<br>စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
|---|---|

Notice of Special Resolution

**CGG Services (Myanmar) Company Limited**

(Company Registration No. 118117905)

For Members' Voluntary Winding–up

Pursuant to Section 147 (a) and Section 152 (a) of the Insolvency Law

1. In accordance with the General Meeting passed unanimously by the Shareholders of the **CGG Services (Myanmar) Company Limited** (the "Company") on 31st March 2023, it has been resolved that the Company will be wound up by way of Members' Voluntary winding–up under Section 147 (a) of the Insolvency Law 2020, and U Myo Thant Swe (Advocate) (MAIP Membership number–00142) has been appointed as Liquidator of the Company under Section 152 (a) of the Insolvency Law 2020.
2. Therefore, all persons who are claiming to be creditors of the Company are hereby notified to submit details of any claims they have against the Company, together with the necessary supporting documentary evidence in relation to such claims, to the Liquidator at the address mentioned hereunder within 1 month from the date of the notice.
3. All persons who are debtors of the Company are also hereby notified to pay or settle any debts owed to the Company to the Liquidator at the address mentioned hereunder within 1 month from the date of the notice.

Daw Naw Sharro Phaw
Director
CGG Services (Myanmar) Company Limited

U Myo Thant Swe
Liquidator
No.60, Shwe Dagon Pagoda Road,
Dagon Township, Yangon, Myanmar.

**Taung Paw Yadanar Myay Gems Company Limited**

မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၄၇ (က) (၂) နှင့် ပုဒ်မ ၁၅၂ (က) အရ

အစုရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းခြင်း

၁။ **တောင်ပေါ်ရတနာမြေ ကျောက်မျက်ကုမ္ပဏီလီမိတက် (Taung Paw Yadanar Myay Gems Company Limited)** ကို အစုရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းရန် (၂၀-၄-၂၀၂၃) နေ့ ကုမ္ပဏီရုံးတွင် ကျင်းပသော အထူးအစည်းအဝေးက ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ် (၂၉၅)၊ (ပ) ထပ်၊ အနော်ရထာလမ်းနှင့် (၅) လမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဦးဇင်ဝေ [၁၂/မဂတ (နိုင်) ဝ၁၃၉၇၉]၊ B.Com, CPA (210)၊ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူ မှတ်ပုံတင်အမှတ် (00143) အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ကုမ္ပဏီထံပေးရန်နှင့်ရရန်ရှိသည်များကိုတစ်လအတွင်း ဦးဇင်ဝေထံ ဆက်သွယ်ဆောင်ရွက်နိုင်ရန် ကြေညာလိုက်သည်။

ဦးကျော်ကျော်လွင် (ခ) လောက်ဆန်
မန်နေးဂျင်းဒါရိုက်တာ
Taung Paw Yadanar Myay Gems Company Limited

ဦးဇင်ဝေ
B.Com, CPA (210)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## Dhammaduta Travels & Tours Co., Ltd

မြန်မာနိုင်ငံလူမှုခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၄၇၊ ပုဒ်မ ၁၅၂
မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၃၄၅၊ ပုဒ်မ ၂၅၀ တို့အရ
ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန်ကြော်ငြာခြင်း

၁။ **Dhammaduta Travels & Tours Co., Ltd** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၂၄-၃-၂၀၂၃) ရက်နေ့က ကုမ္ပဏီတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးစိန်ကျော်ဝင်း (B.Com , CPA)၊ အမှတ် (၁၉၆/ခ)၊ စပယ်ခြံ (၄) လမ်း၊ (၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန်ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၃၀-၄-၂၀၂၃) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဦးမြင့်သိန်း | ဦးစိန်ကျော်ဝင်း |
| မန်နေးဂျင်းဒါရိုက်တာ | B.Com, CPA |
| Dhammaduta Travels & Tours Co.,Ltd | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| ၏ ဒါရိုက်တာအဖွဲ့ကိုယ်စား | ဖုန်း-၀၉- ၅၁၂၅၉၈၅ |

## Northern Summit Gems Company Limited

မြန်မာနိုင်ငံလူမှုခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၄၇ (က) (၂) နှင့် ပုဒ်မ ၁၅၂ (က) အရ
အစုရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းခြင်း

၁။ **နော်သဲ (န်) ဆမ်းမစ် (ထ်) ကျောက်မျက်ကုမ္ပဏီလီမိတက် (Northern Summit Gems Company Limited)** ကို အစုရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းရန် (၂၀-၄-၂၀၂၃) နေ့ ကုမ္ပဏီရုံးတွင် ကျင်းပသော အထူးအစည်းအဝေးက ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ် (၂၉၅)၊ (ပ) ထပ်၊ အနော်ရထာလမ်းနှင့် (၅) လမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဦးဇင်ဝေ [၁၂/မဂတ (နိုင်) ၀၁၃၉၇၉]၊ B.Com, CPA (210)၊ လူမှုခံယူခြင်းဆိုင်ရာကျွမ်းကျင်သူ မှတ်ပုံတင်အမှတ် (00143) အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့်ရရန်ရှိသည်များကိုတစ်လအတွင်း ဦးဇင်ဝေထံ ဆက်သွယ်ဆောင်ရွက်နိုင်ရန် ကြေညာလိုက်သည်။

| | |
|---|---|
| ဒေါ်မိုးသန္တာခိုင် | ဦးဇင်ဝေ |
| မန်နေးဂျင်းဒါရိုက်တာ | B.Com, CPA (210) |
| Northern Summit Gems Company Limited | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

**Jade Family Gems Company Limited**

မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၄၇ (က) (၂) နှင့် ပုဒ်မ ၁၅၂ (က) အရ
အစုရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းခြင်း

၁။ **ဂျိတ်ဖဲမစ်လီ ကျောက်မျက်ကုမ္ပဏီလီမိတက် (Jade Family Gems Company Limited)** ကို အစုရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းရန် (၂၀-၄-၂၀၂၃) နေ့ ကုမ္ပဏီရုံးတွင် ကျင်းပသော အထူးအစည်းအဝေးက ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ် (၂၉၅)၊ (ပ) ထပ်၊ အနော်ရထာလမ်းနှင့် (၅) လမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဦးဇင်ဝေ [၁၂/မဂတ (နိုင်) ၀၁၃၉၇၉]၊ B.Com, CPA (210)၊ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူ မှတ်ပုံတင်အမှတ် (00143) အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့်ရရန်ရှိသည်များကိုတစ်လအတွင်း ဦးဇင်ဝေထံ ဆက်သွယ်ဆောင်ရွက်နိုင်ရန် ကြေညာလိုက်သည်။

| | |
|---|---|
| ဒေါ်ရွှေစင် | ဦးဇင်ဝေ |
| မန်နေးဂျင်းဒါရိုက်တာ | B.Com, CPA (210) |
| Jade Family Gems Company Limited | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

**Hla Pa Seinn War Gems Company Limited**

မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၄၇ (က) (၂) နှင့် ပုဒ်မ ၁၅၂ (က) အရ
အစုရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းခြင်း

၁။ **လှပစိမ်းဝါကျောက်မျက်ကုမ္ပဏီလီမိတက် (Hla Pa Seinn War Gems Company Limited)** ကို အစုရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းရန် (၂၀-၄-၂၀၂၃) နေ့ ကုမ္ပဏီရုံးတွင် ကျင်းပသော အထူးအစည်းအဝေးက ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ် (၂၉၅)၊ (ပ) ထပ်၊ အနော်ရထာလမ်းနှင့် (၅) လမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဦးဇင်ဝေ [၁၂/မဂတ (နိုင်) ၀၁၃၉၇၉]၊ B.Com, CPA (210)၊ လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူ မှတ်ပုံတင်အမှတ် (00143) အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့်ရရန်ရှိသည်များကိုတစ်လအတွင်း ဦးဇင်ဝေထံ ဆက်သွယ်ဆောင်ရွက်နိုင်ရန် ကြေညာလိုက်သည်။

| | |
|---|---|
| ဦးထွန်းအောင် (ခ) တွမ်စိမ်းပင် | ဦးဇင်ဝေ |
| မန်နေးဂျင်းဒါရိုက်တာ | B.Com, CPA (210) |
| Hla Pa Seinn War Gems Company Limited | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

ပ၊ ထ၊ န - အမှတ် ၆၄၀/၂၂/ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန/ စောင်ရေ - ၁၇၈၀/ ၂၈-၄-၂၀၂၃။